ဝိညာဉ်ရေးရာစာစောင်

သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို
စေ့စေ့နားထောင်လျှင်၊သင်၏ဘုရားသခင် ထာဝရဘုရားသည်
လူမျိုးတကာတို့ထက် သင့်ကို ချီးမြှောက်တော်မူမည်။
တရားဟောရာကျမ်း – ၂၈း၁(ခ)


| | | | |
|---|---|---|---|
| အမှတ်စဉ် ( ၉ ) | မေလ | ၂၀၀၂ ခုနှစ် | စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) |


# ဘုရားပေးသောရတနာ


ကျွန်တော့်ဆီမှာရှိတဲ့ တစ်ချို့ကောင်းချီးမင်္ဂလာ တွေဟာ ကျွန်တော် ဆုတောင်းလို့ ဘုရားပေးထားတာဖြစ်သလို ကိုယ့်အားကိုယ်သုံးပြီး ကြိုးစားရှာဖွေထားတွေလည်းရှိပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ဆုံးရှုံးသွားရင်ပြန်ရှာဖွေလို့လည်း ရသလို အစားထိုးသုံးစွဲလို့လည်းရပါတယ်။

ဒါပေမဲ့ ကျွန်တော့်ရဲ့ဘဝမှာ အလိုအပ်ဆုံး၊ အသင့်တော်ဆုံး၊ အရေးအကြီးဆုံး၊ မရှိမဖြစ်တဲ့ အရာတစ်ခုကို ဘုရားသခင်က ကောင်းချီးမင်္ဂလာတစ်ခုအဖြစ် ချပေးထားတာရှိပါတယ်။ အဲဒီအရာကို ရဖို့ကျွန်တော် ဆုမတောင်းခဲ့ပါဘူး။ ကြိုးစားပြီးတော့လည်း မရှာဖွေခဲ့ပါဘူး။ အဲဒီကောင်းချီးမင်္ဂလာကို ကျွန်တော်ဘာနဲ့မှ အစားထိုးလဲလှယ်လို့မရပါဘူး။ တန်ဖိုးလည်း ဖြတ်လို့မရပါဘူး။ အဲဒီလောက်တောင် ကောင်းမြတ်တဲ့ ဘုရားပေးကောင်းချီးမင်္ဂလာဟာ ဘာများဖြစ်ပါသလဲလို့ မေးလာခဲ့ရင် အဖြေကတော့၊ **အမေ** ပါဘဲ။

ဟုတ်ပါတယ် ကျွန်တော့်အတွက် ဘုရားပေးတဲ့ အကောင်းဆုံး ကောင်းချီးမင်္ဂလာဟာ အမေပါဘဲ။ အမေ့ကိုရဖို့ ကျွန်တော် ကြိုးစားပြီးမရှာဖွေခဲ့ရပါဘူး။ ကြိုးစားနိုင်တဲ့အရည်အချင်းနဲ့ ရှာဖွေနိုင်တဲ့အစွမ်းသတ္တိ ကျွန်တော့်မှာမရှိခင်ကတည်းက ကျွန်တော့်အမေက ရှိနှင့်နေပါပြီ။ အမေ့ကိုရဖို့ ကျွန်တော် ဆုမတောင်းခဲ့ပါဘူး။ ဆုတောင်းနိုင်ဖို့ကျွန်တော့်မှာ အသိဉာဏ်မဖွံ့ဖြိုးခင်၊ ကိုယ်လက်အင်္ဂါမစုံလင်ခင် ကတည်းက အမေ ရှိနှင့်နေပါပြီ။ အမေဟာဘယ်လိုပုံစံ၊ ဘယ်လိုအသွင်သဏ္ဌာန်မျိုး၊ ဘယ်လိုစိတ်ဓါတ်မျိုး၊ ရှိပါစေဆိုပြီး ကျွန်တော်လိုချင်လို့မရပါဘူး။ ရွေးချယ်လို့မရပါဘူး။ ဒါဟာ **ဘုရားပေးတဲ့ရတနာ** ဖြစ်ပါတယ်။

ကျွန်တော့်ကို ဘုရားပေးထားတဲ့ ရတနာဖြစ်တဲ့ အမေ့ကြောင်း ရေးပြရမယ်ဆိုရင်တော့။ ကျွန်တော့်အမေက မွန်လူမျိုးစစ်စစ်ဖြစ်ပါတယ်။ အမေ့ရဲ့အဖေ (ကျွန်တော့် အဖိုး) ဆုံးပါးသွားပြီးတဲ့နောက်မှာ အမေဟာ မော်လမြိုင်က ကရင်သာသနာပြုကျောင်းမှာ ပညာသင်ကြားခဲ့ရတဲ့အတွက် ကရင် စာရေး၊ စကားပါ ကောင်းကောင်းပြောဆိုရေးတတ်ခဲ့ပါတယ်။ သူ့နာမည်ရဲ့ရှေ့မှာလဲ ကရင်အမျိုးသမီးများတတ်လေ့ရှိတဲ့ 'နော်'ကိုတတ်ပြီး နော်ခင်မြ လို့မှည့်ခဲ့ပါတယ်။ အမေဟာ ဗမာလူမျိုး (ကျွန်တော့်အဖေ) နဲ့အိမ်ထောင်ကျပြီး အဖေ့နာမည်ရဲ့နောက်ဆုံးစာလုံး 'လွင်'ကို သူ့နာမည်ရဲ့နောက်မှာထည့်ပြီး နော်ခင်မြလွင် လို့ပြောင်းမှည့်ခဲ့ပါတယ်။ အမေ့ဆီမှာ လူမျိုးစွဲတဲ့စိတ်ဓါတ်မရှိဘူးဆိုတာ သိသာပါတယ်။

ကျွန်တော်တို့ငယ်ငယ်က သံဖြူဇရပ်မြို့မှာနေပါတယ်။ ကျွန်တော်က မွေးချင်း ၄ယောက်ရှိတဲ့အထဲမှာ တတိယမြောက်သားဖြစ်ပါတယ်။ ကျွန်တော့် အထက်မှာ အစ်မ ၂ယောက်ရှိပြီး အောက်မှာ ညီလေးတစ်ယောက်ရှိပါတယ်၊ ညီလေးကိုမမွေးခင် ကျွန်တော်ဟာ ၇နှစ်သားအရွယ်အထိ အမေ့ရဲ့ ရင်ခွင်ထဲမှာ ဆိုးနွဲ့ခဲ့ဖူးပါတယ်။ သံဖြူဇရပ်မှာနေစဉ်တုံးက အမေဟာ သူနာပြုဆရာမ ဖြစ်တဲ့အတွက် နေ့ပူမရှောင် မိုးရွာမရှောင်လူနာလာခေါ်ရင် လိုက်သွားရလို့ အပင်ပန်းကြီးပင်ပန်းခဲ့ပါတယ်။ အဲဒီတုံးက အဖေက ရန်ကုန်မှာ အခြေချဖို့ပြင်ဆင်နေတာမို့ အမေဟာ ကျွန်တော်တို့မောင်နှစ်မ ၃ယောက်နဲ့ ( ညီလေးမမွေးသေးပါ) လုံးလည်ချာလည်လိုက်ပြီးရုန်းကန်ခဲ့ရပါတယ်။ အမေတာဝန်ယူရတဲ့ သံဖြူဇရပ် ခ–လ–ရ (၃၁) စစ်တပ်ထဲက ဆေးပေးခန်းမှာ စုစုပေါင်းသူနာပြု ၃ယောက်ဘဲရှိတဲ့အပြင် အမေက ရာထူးအကြီးဆုံးဖြစ်တဲ့အတွက် ပိုပြီးပင်ပန်းခဲ့ပါတယ်။ ကျွန်တော် ၄–၅ နှစ်သားအရွယ်က အမေ့ရင်ခွင်ထဲမှာ ညတိုင်းအိပ်ခဲ့ရပါတယ်။ ညသန်းခေါင်ကျော် လူနာအရေးကြီးလို့ အမေ့ကိုလာခေါ်ရင် အိပ်ယာထဲမှာ ကျွန်တော်တစ်ယောက်တည်း အားငယ်ကြောက်လန့်ပြီး ငိုယိုကျန်နေခဲ့ရတတ်ပါတယ်။ အရေးကြီးတဲ့ ကိစ္စတစုံတရာရှိလို့အမေဟာ ကျွန်တော့်ကိုထားခဲ့ပြီး ထွက်ခွာသွားတတ်ပေမဲ့ ဘုရားသခင်ကတော့ ကျွန်တော့်ကို ဘယ်တော့မှ ချန်မထားခဲ့ဘူး ဆိုတဲ့ သင်ခန်းစာကို ကြီးလာတဲ့အခါ နားလည်လာခဲ့ရပါတယ်။




ညအိပ်ယာဝင်တိုင်း အမေဟာ ကျွန်တော့်ကို ကျမ်းစာထဲက 'ပျောက်သောသားပုံပြင်'ကို ပြောပြလေ့ရှိပါတယ်။ ဒါကြောင့် အရွယ်ရောက်လာတဲ့အချိန်မှာ ကျွန်တော်ဟာ ဒုစရိုက်ထဲမှာပျော်မွေ့နေတုံးက ဘုရားသခင်ရဲ့ရှေ့မှာ ပျောက်သောသား ဖြစ်နေတာကို ငယ်ငယ်တုံးက အမေပြောပြဖူးတဲ့ ပုံပြင်လေးအားဖြင့် သမ္မာတရားလမ်းကို ပြန်လည် သတိရစေခဲ့ပါတယ်။

အမေဟာ သားသမီးတွေအတွက် အမြဲပူပန်တတ်ပါတယ်။ 'စာကြိုးစားကြ၊ အမေမရှိတဲ့အခါ မင်းတို့မငတ်အောင်၊ မျက်နှာမငယ်အောင်ကြိုးစားကြ' လို့ အမြဲပြောလေ့ရှိပါတယ်။ အမေဟာ ပူပန်စိုးရိမ်နေရုံနဲ့သားသမီးတွေကို တွန်းအားပေးသူမဟုတ်ပါဘူး၊ သူကိုယ်တိုင်လည်း မိသားစုအတွက် စွန့်လွှတ်စွန့်စားရဲတဲ့ သတ္တိရှိပါတယ်။ အမေက သူ့သားသမီးတွေ တောသူတောင်သားဖြစ်မှာစိုးလို့ ရန်ကုန်ကို စွန့်စားပြီးပြောင်းလာခဲ့ပါတယ်။ ရန်ကုန်ပြောင်းလာပြီးနောက်မှာတော့ အမေဟာ ဂျင်မခါနာ (ဗဟိုအမျိုးသမီးဆေးရုံ) မှာ စပါယ်ရှယ်နာ့စ် လုပ်ခဲ့ပါတယ်။ အဲဒီတုံးက စပါယ်ရှယ်နာ့စ်တစ်ယောက်ဟာ လူနာစောင့်ရင် တနေ့ ၂၅ကျပ် ရပါတယ်။ (၁၉၈၀ ခုနှစ်ဝန်းကျင်) ညပိုင်းစောင့်ရင် ၃၀ကျပ်ရပါတယ်။ အမေဟာ ကျွန်တော်တို့မောင်နှမတွေ စားဝတ်နေရေးအဆင်ပြေဖို့ နေ့ပိုင်းမှာလူနာမစောင့်ဘဲ ညပိုင်းမှာစောင့်ခဲ့ပါတယ်။ (၅ကျပ်ပိုရလို့ပါ) 'မောင်တစ်ထမ်း၊ မယ်တစ်ရွက်' ဆိုတဲ့ ဆိုရိုးစကားရှိပေမဲ့ အမေ့ရဲ့ ခင်ပွန်းဖြစ်တဲ့သူ (ကျွန်တော့်အဖေ) ကအိမ်ထောင့်တာဝန်ကို ပီပီပြင်ပြင် မထမ်းနိုင်တဲ့အတွက် အမေဟာ 'မယ်တစ်ထမ်း၊

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

# ကျွန်ုပ်မသိသောအချစ်များအကြောင်း

ဝေငှချက်



အချစ်အကြောင်းကို စကာမစပ် ပြောမိလိုက်ဝိုင်း စာရေးသူ ခေတ်နောက်ကျလေ့ ရှိပါသည်။ မိတ်ဆွေများက စာရေးသူအား အချစ်အကြောင်း နားမလည်သူတစ်ဦးဟု အထင်သေးကာ လှောင်လေ့ရှိပါသည်။ စာရေးသူ၏ ထင်မြင်ယူဆချက်များကြောင့် အပျိုကြီးဖြစ်မည်ဟု ဝိုင်း၍ ထင်ကြေးပေးကြပါသည်။ အမှန်မှာတော့ စာရေးသူသည် အချစ်နှင့် ရင်းနှီးစွာ ထိတွေ့ခံစားခြင်းမရှိသော်လည်း အချစ်အကြောင်းကို အနည်းအကျဉ်း သိထားပါသည်။ စာရေးသူ၏ နှလုံးသား ခံစားချက်ထဲမှ ပေါက်ဖွားလာ၍ သိရှိခဲ့သော အချစ်အကြောင်းကို စာဖတ်သူများအား ဝေငှလိုက်ပါသည်။

**အချစ်၏ အမှားများ ( ၁ )** ၂–၁–၂၀၀၂ သတင်းစာတွင် ၂၂လ အရွယ်ရှိသော ကလေးငယ် အားဖခင်ဖြစ်သူက ရက်စက်စွာ သတ်ပစ်လိုက်သည်ဟုပါရှိပါသည်။ ဖခင်အပေါ် စာရေးသူ စိတ်ဆိုးခဲ့သော်လည်း အပြစ်စီရင်ပိုင်ခွင့်မရှိသောကြောင့် ထိရောက်စွာ အရေးယူပေးပါရန် ဘုရားရှင်ထံ တောင်းလျှောက်ခဲ့မိသည်။ ကြင်နာမှု မရှိသော ဖခင်သည် မိမိရင်သွေးအား ဝမ်းဗိုက်ကို နင်းကာသတ်ပစ်လိုက်ခြင်းဖြစ်သည်။ ထိုဖခင်တွင် ကလေးနှစ်ယောက်ရှိသည်၊ မကြာသေးမီကပင် ထိုကလေးငယ်နှစ်ဦး ဆေးရုံတက်ခဲ့ရသည်။ စစ်ဆေးချက်အရ ကလေးများ၏ အရည်ပြားတွင် အညိုအမည်း ဒဏ်ရာများရရှိထားပါသည်။

ထိုကလေးနှစ်ဦး၏ ဖခင်နှင့်မိခင်မှာ ချစ်သူရည်းစား ဘဝနှင့်ပင် ကိုယ်ဝန်ရလာပြီး လက်ထပ်လိုက်ကြရသည်။ နှစ်ဦးစလုံးမှာ အလုပ်လက်မဲ့များ ဖြစ်သောကြောင့် အမျိုးသမီး၏ ဖခင်အိမ်တွင် ကပ်နေရခြင်းဖြစ်သည်။ ဤသည်မှာ အချစ်အကြောင်းကို သိသော်လည်း အချစ်အားဆင်ခြင်ကင်းမဲ့စွာ ရှေ့တန်းတင်၍ မှားခဲ့သော အမှားများပင် မဟုတ်ပါလား။

သမ္မာကျမ်းစာထဲမှ ဘုရားသခင်၏ အလိုတော်နှင့်ညီသော အချစ်များအကြောင်းကို အနည်းငယ် ဖော်ပြရပါလျှင် – –

( ၁ ) အာသနတ် နှင့် ယောသပ် တို့၏အချစ်။ (ရွေးချယ်ခြင်းအချစ် – အလှဆုံး အမျိုးသမီးမှ အရိုးသားဆုံးချစ်သူအား မှန်ကန်စွာ ရွေးချယ်လိုက်ခြင်းဖြစ်သည်။)

( ၂ ) ယာကုပ် နှင့် ရာခေလ တို့၏အချစ်။ ( မိဘပေးစားသော အချစ် – ယာကုပ်သည် ရာခေလ ၏အချစ်ကို ရရန် ၁၄ နှစ်တိုင် ကျွန်ခံခဲ့ပါသည်။ သည်းခံစောင့်စား နိုင်သော ယာကုပ်၏ အချစ်ကို သင်မီအောင် လိုက်နိုင်ပါမည်လား။)

( ၃ ) ဣဇက် နှင့် ရေဗက္က တို့၏ အချစ်။ ( အောင်သွယ်တော်အချစ် – တစ်ဦးနှင့် တစ်ဦးအလွန်ဝေးသော အရပ်မှဖြစ်သော်လည်း အောင်သွယ်တော် အားဖြင့် ဘုရားသခင် အစပြုပေးခဲ့သည်။)

ထို့ကြောင့် အသင်သမီးပျို သားပျိုလေးများ သင်တို့သည် နည်းအမျိုးမျိုးဖြင့် အချစ်အားတွေ့ရှိနိုင်မည် ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ အလိုတော်နှင့်ညီရန် ဆုတောင်းဆက်ကပ် ရှာဖွေသင့်ပေသည်။

**အချစ်၏ အမှားများ ( ၂ )** မိုးသည်းထန်စွာရွာသွန်းနေသော ညတစ်ည၏ သန်းခေါင်ကျော် အချိန်တွင် မိန်းမငယ်တစ်ဦးအလုပ်ရှုပ်၍ ဗျာများနေသည်။ မိမိတွင်မိခင်စိတ် အပြည့်အဝ ရှိသော်လည်း၊ ဖခင်ဖြစ်သည့် ချစ်သူရည်းစားက လုံးဝတာဝန်မယူနိုင်တော့ သောကြောင့် မိမိ၏ရင်သွေးငယ်အား အဆုံးစီရင်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ကလေးငယ်အား မိုးရွာထဲတွင် မြေမြှုပ်ပစ်လိုက်သည်။ ထိုအမျိုးသမီးအား သတ္တိတော်တော်ကောင်းသည်ဟု ဆိုရပေမည်။ သို့သော်ထိုသတ္တိသည် မှောင်နေသောလောကကြီးကို မီးထွန်းလိုက်ခြင်း မဟုတ်ဘဲ၊ မီးရှို့လိုက်ခြင်းသာဖြစ်သည်။ အချစ်သည် အရာရာကို သာယာပြည့်စုံမှု ပေးနိုင်သကဲ့သို့ အမှားဘက်သို့ ရောက်ရှိရန် တွန်းအားပေးနိုင်စွမ်း ရှိသည်။ အချစ်အကြောင်းကို သိသော်လည်း အချစ်၏ ငြိမ်းချမ်းခြင်းတရားကို နားမလည် သောကြောင့် ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

သမ္မာကျမ်းစာထဲမှ ဘုရားသခင်၏ အလိုတော်နှင့်မညီသော အချစ်များ အကြောင်းကို အနည်းငယ်တင်ပြပေးပါမည်။

( ၁ ) ရှံဆုန် နှင့် ဒေလိလ အချစ် (ကိုးကွယ် ယုံကြည်မှု မတူသောအချစ်။) ဘုရားသခင်ကို မသိသောသူအား အချစ်ကြီးခဲ့မိ၍ အသက်ရှုံးခဲ့ရသည်။

( ၂ ) ရှောလမုန်မင်းကြီး၏အချစ် (အချစ်များသူ၏ အချစ် ) ပညာဉာဏ် ကြီးမားသော်လည်း အချစ်များသောကြောင့် ထာဝရဘုရားအား သစ္စာမတည်နိုင်ခဲ့ပေ။

( ၃ ) ဒါဝိဒ်မင်းကြီး၏ အချစ် (အလိုရမက် ကြီးသောအချစ်) သူတပါး၏ မယားကိုမှ လိုချင်တပ်မက်ခဲ့သောကြောင့် ဘုရားသခင်၏ ဒဏ်ခတ်ခြင်းကို အလူးအလဲ ခံခဲ့ရသည်။

ချစ်သော သခင့် သားပျို၊ သမီးပျိုလေးများ သင်တို့သည်လဲ အချစ်အား မည်သို့ တွေ့ရှိသိရှိခဲ့ပါသနည်း။ မည်သည့်အချစ်မျိုးနှင့် ရည်ရွယ်သူကို ရွေးချယ်မည်နည်း။ "ဝါဝါမြင်တိုင်း ရွှေမထင်နှင့်၊ အချစ်မြင်တိုင်း အစစ်မထင်နှင့်" ဟူသော ဆိုစကားရှိသည့်မို့ အချစ်အား လှုတိုင်းလွတ်လပ်စွာ ရွေးချယ်နိုင်သော်လဲ သမ္မာတရားနှင့် ညီစေပါ။ အရွယ်လွန်၍ အချစ်မတွေ့မှာကို မကြောက်ပါနှင့်၊ ဘုရားရှင် ရွေးချယ်ထားပြီး ဖြစ်သောကြောင့် သင်လူပျိုကြီး၊ အပျိုကြီးဘဝနှင့် အဆုံးမသတ်သွားပါ။ ဘုရားရှင် ဖန်ဆင်းထားသော ကမ္ဘာလောကကြီးအား အလှဆင်နိုင်ရန် အချစ်စစ်များနှင့် တည်ထောင် နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့ရင်း ဝေငှလိုက်ပါသည်။

အချစ်အား လှုပစေခြင်း ( သို့ ) ညစ်ညမ်းစေခြင်းသည် သင်နှင့်ကျွန်ုပ်တို့ လက်ထဲတွင် ရှိသည်။

ခရစ်တော်၏ နာမတော်၌ – – – **ဆူးရင့်စိမ်း** ( ခေတ္တ စင်ကာပူ )

# ကိုယ်တော်ပြုသည့်အမှုများ (၄)




တစ်နေ့တွင် လူငယ်နှစ်ဦးနှင့် အကြောင်းတိုက်ဆိုင်၍ တွေ့ရသည်။ တစ်ဦးက ခရစ်ယာန် ဇနီးကိုရ၍ ခရစ်ယာန်ဖြစ်နေသူ၊ ကျန်တစ်ဦးက အခြားဘာသာဝင်သူ၊ နှစ်ဦးလုံး မြန်မာလူမျိုးများဖြစ်ပြီး WORK PERMIT နှင့် အလုပ်လုပ် နေသူများဖြစ်သည်။ သူတို့၏ သူဌေးမှာ လုပ်ငန်းပြုတ်နေသောကြောင့် သူတို့ကို လုပ်ခငွေ မချေနိုင်သဖြင့် နှစ်လခန့် လစာငွေမရဘဲ ဖြစ်နေကြသည်။ ငွေမရှိ၍ သူများဆီမှ သုံးစွဲနေရသည့်ကြားမှ နောက်တစ်နေ့တွင် သူဌေးက မြန်မာပြည်သို့ ပြန်ပို့မည်ဟူသော သတင်းကြားရပြန်သည်။ သူဌေးက ငွေမရှင်းပေးဘဲ ရှောင်နေသဖြင့် အလုပ်သမားဝန်ကြီးဌာန အထိ တိုင်တန်းထားရသည်။ သို့သော်လည်း မည်သို့မှ အကြောင်းမထူးဘဲ စိတ်ဓါတ်ကျနေကြသော ထိုလူငယ်နှစ်ဦး၏ စကားဝိုင်းသို့ ကျွန်ုပ်ရောက်သွားသည်။ ထိုလူငယ်နှစ်ဦးအား အသက်ရှင်သော ဘုရား၊ ချစ်သနားကရုဏာ ထားသော ဘုရား၊ ဒုက္ခထဲက ကယ်နှုတ်နိုင်သော ဘုရားရှိကြောင်း သက်သေခံလိုက်သည်။ ဘုရားရှင် မည်သို့ကယ်တင်မည်ကို ကျွန်ုပ်မသိသော်လည်း ဆုတောင်းကြမည်ဟု ဆို၍ သူတို့အား ဆုတောင်းပေးလိုက်သည်။

နောက်တစ်နေ့တွင် ထိုသူနှစ်ဦး ကျွန်ုပ်ထံဖုန်းဆက်၍ သတင်းပေးသည်။ သူဌေးက ငွေတစ်ဝက်လာပေးပြီး လေယာဉ် ခရီးစဉ်ကိုလည်း အစဉ်ပြေအောင် စီစဉ်ပေးခဲ့သည်။ ( စင်ကာပူမှ သူဌေးများလုပ်နေကျ ထုံးစံအတိုင်း ) ကျန်ငွေကို လေဆိပ်တွင် လာရှင်းပေးမည်ဟုဆိုသည်။ ထိုသတင်းကောင်းကို ဝမ်းသာအားရ ပြောနေသော လူငယ်နှစ်ဦးကြောင့် ဆုတောင်းပေးခဲ့သော ကျွန်ုပ်မှာလည်း အလွန်ဝမ်းသာ ခဲ့ရပါသည်။ ဘုရားရှင် ဘုန်းတော် သာ၍ကြီးပါစေ။ ။

**စန်းစန်းမြင့်** ( စင်ကာပူ )

အဆောက်အဦ ထိပ်ပေါ်က ပြောင်လက်နေတဲ့ ရွှေရည်သုတ် ငှက်မြတ်နား လိုအဝဖိုးကို မကော်တော့ပါနဲ့၊ အဆောက်အဦ ရဲ့အောက်ခြေက မြေကြီးနက်နက်ထဲမှာ ဘယ်သူမှမမြင်နိုင်အောင် အုတ်မြစ် အျဖုံထားရတဲ့ အုတ်နီခဲလေး ရဲ့ အဝကို ဖြတ်နိုးပါ။ အဆောက်အဦ တစ်ခုလုံးရဲ့ နိုင်ခံ့မှု ဟာ အဲဒီ အုတ်နီခဲလေး ပေါ်မှာ မူတည်ပါတယ်။



ဝဏ္ဏတို

"ဟေ့ ညီလေး ကျပ်စေ့ ရှီးစမိုးနဲ့ဘယ်ကို ခြေစကြာ်ဖြန့်ဦးမလို့လဲကွ၊ တစ်ခါမှ အိမ်ကပ်တယ် မရှိပါလား။" "ချစ်သူလေးတွေဆီကိုပေါ့ဗျာ ကိုလတ်၊ ကိုကြီးတို့လိုအရွယ်တော် တဆိတ်ဟိုင်းတဲ့ နှစ်ဆယ်ကျော် အစိတ်ပိုင်းအရွယ်မှ မဟုတ်တာ၊ နုနုထွတ်ထွတ်လေးလေဗျာ" "အောင်မာ မင်းကကြီးကြီးကျယ်ကျယ် ကိုယ့်ကိုယ်ကိုလဲ ပြန်ကြည့်အုံး၊ မင်းပုံစံနဲ့ ချစ်သူမပြောနဲ့ အုန်းခြစ် တောင်ရမှာမဟုတ်ဘူး" "ဟားဟားဟား အဲဒါက်တာပေါ့ဗျ ဒေါ်လာငါးဆယ်တန် ကိုလတ်ရေ၊ ဘိုးတော်ဘုရားလေးဘက်သွားတဲ့ ခေတ်ထဲမှာ အသက်ရှူနေတာမဟုတ်ဘူး၊ မော်ဒန်ခေတ်ကြီးဗျ၊ မော်ဒန်မှ ရိုးရိုးမော်ဒန် မဟုတ်ဘူး၊ ပို့စ်မော်ဒန်ဗျ၊ ကွန်မြူသိကွာတစ်ခွဲသားနဲ့ ကြွေကျလာမဲ့လိမ္မော်သီးကို သုံးနှစ်သုံးမိုးစောင့်ရတဲ့ခေတ် မဟုတ်တော့ဘူး။ ကျွန်တော့်လို သွက်သွက်လက်လက် မရှိလို့ကတော့ ကိုလတ်ငါးဆယ်တန်နဲ့၊ ကိုကြီးရာတန်တို့ကတော့ ဒီတစ်သက်မပြောနဲ့ ဆယ်သက် ဆယ်ကမ္ဘာတောင် စွံမှာမဟုတ်ဘူး။" "ဟာ ဒီကောင် တရားလွန်လာပြီ၊ အကြီးတွေကို စော်ကားနေလိုက်တာ ကြည့်စမ်း၊ ဒီအတိုင်းဘဲကြည့်နေတော့မှာလား ကိုကြီးရာတန်ရဲ" "ဒီကောင် သောင်ဘင်ခတ်နေတာကို မင်းမို့လို့ သွေးတိုးအောင်လုပ်နေဟယ် ကိုလတ်ရာ၊ မျက်စိမှိတ် နားပိတ်ထားစမ်းပါ၊ လည်လွန်းတဲ့ ဘီး ဘာဖြစ်တတ်သလဲဆိုတာ မင်းသိပါတယ်။ နောက်ဆို မျက်စိ၊ နားပါ မကဘူး၊ နှာခေါင်းပါ ပိတ်ဖို့လိုလာလိမ့်မယ်။" "အိုး–အိုး ကိုကြီးရာတန်ကလဲဗျာ၊ ကိုယ့်ညီထွေးလေးကို ဘာဖြစ်လို့ ဒီလောက်တောင်ချိုးနှိမ်ထေ့သနာ ပြုနေရတာလဲ၊ ကိုကြီး ကိုလတ်တို့က ကျွန်တော့်ကို ဘယ်လောက်ဘဲ အမနာပပြောနေကြပါစေ၊ အကိုတို့ရဲ့ လက်ခုပ်ပန်းဟာ မမွှေးမှန်းသိကြပေမဲ့ ကျွန်တော်ကတော့ ညီငယ်တစ်ယောက် အနေနဲ့အောင့်ကာ နမ်းပေးနေမှာပါဗျာ ဟဲဟဲဟဲ" "ဟေ့ကောင် ကျပ်စေ့၊ မင်းသိပ်လူပါးဝ အဲ–အဲ ဒဂၤီပါးဝနေပြီနော်၊" "ဒေါသသိပ်ရှေ့မထားကြပါနဲ့ အကိုတို့ရာ ကျွန်တော့်ရဲ့ငယ်ဂုဏ်၊ နဂုဏ်ကိုအထင်မကြီးရင်နေ၊ မနာလိုစရာ မစ္ဆရိယပွားစရာ မလိုပါဘူးနော်၊" "ဒီကောင်ပြောလေ ကဲလေပါလား ကဲ–နေစမ်းပါအုံး မင်းရဲ့နဂုဏ်၊ ငယ်ဂုဏ်ဆိုတာ ဘာများတန်ဖိုးရှိလို့လဲ" "ရှိလို့သာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့ဗျ ကိုကြီးရာတန်ရဲ၊ သိဘူးလားလို့ ဟဲဟဲဟဲ" "အိမ်း– အဲဒီ ချစ်သူဆိုတာတွေက မင်းလိုပေါကြောင်ကြောင်ကောင်တွေ ထဲကပဲဆိုတာ ငါလုံးဝ သံသယ မရှိပါဘူး၊ မင်းကသိပ်ချိုကြွနေမှတော့လဲ ငါတို့ကလဲ ချပြရတော့မှာပေါ့ ဒီမှာ မင်းတစ်သက် ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ ဟိုတယ်တွေ၊ ဇိမ်ခန်းတွေ၊ ဒစ္စကိုတွေ၊ ရိုက်ကာလပ်တွေကို ဘယ်နှစ်ခေါက်ရောက်ဖူးလဲ၊ ဇိမ်ခံဖူးလဲ၊ ပြောစမ်း စူပါမားကက်ကြီးတွေထဲက နောက်ဆုံးပေါ်တွေပစ္စည်းတွေကို ကောက်ကိုင်ကြည့်လိုက်စမ်းပါ၊ ငါတို့မျက်နှာမပါဘဲနဲ့တော့ အဲဒီနေရာတွေကို စိတ်နဲ့တောင်သွားမမှန်းလိုက်နဲ့ ဂုဏ်အသရေရှိ လူကြီးလူကောင်းတွေ၊ ကမ္ဘာကျော် အနုပညာရှင်တွေ၊ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ မီလျံနာ၊ ဘီလျံနာတွေဆိုတာ ငါတို့ခြေဖဝါးအောက်မှာ ပြားပြားဝပ်နေတာကွ၊ မင်းနဲ့ကတော့ကွာပါ့၊ မင်းလိုချွတ်အတွက် ဝင်ဆံ့တဲ့နေရာ ဒီကမ္ဘာမှာ ဘယ်မှာမှ ရှိမှာမဟုတ်ဘူးဆိုတာ ငါအတတ်သိနေတယ်ကွ" "ဘုရားရေ ဝင်ဆံ့တဲ့နေရာ ဟုတ်စ၊ ရှိသမှ သိပ်ရှိတာပေ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်က ကိုကြီး ကိုလတ်တို့လို ညစ်ပတ်ပေရေ နံစော်နေတဲ့ ရေပေါ်ဆီ ရပ်ဝန်းထဲမှာ ဝင်ဆံ့ချင်တဲ့ကောင်မှမဟုတ်တာ၊ အံ့သြစရာတော့မရှိပါဘူး။ ခပ်သန့်သန့်နေရာလေးမှာဘဲ ဝင်ဆံ့ချင်တဲ့ကောင်ဗျ၊ ဟဲဟဲဟဲ" "မင်းက အလာကြီးပါလား ကဲ–ဒါဖြင့်ဆိုစမ်းပါအုံး မင်းဝင်ဆံ့တဲ့နေရာက ဘယ်လိုနေရာမျိုးလဲ" "ကျွန်တော် ဝင်ဆံ့တဲ့ နေရာက တခြားနေရာမဟုတ်ဘူး၊ သန့်ရှင်းမြင့်မြတ်တဲ့ ဘုရားရှိခိုးကျောင်းလေဗျာ၊ ကိုကြီးရာတန်နဲ့ ကိုလတ်ငါးဆယ်တန်တို့ အလှူငွေအိတ်ထဲကို ဘယ်နှစ်ခါဝင်ဖူးလဲ ပြောပြစမ်းပါအုံး၊ ဘုရားကျောင်းထဲက အလှူငွေအိတ်ထဲကို ကျွန်တော့်ရဲ့ ချစ်သူလေးတွေက ကျွန်တော့်ကို တယုတယနဲ့အပါတ်တိုင်း လာထည့်နေလိုက်တာများ အလှူငွေအိတ်ထဲက ငွေအကြွေသံလေးတွေက တချင်ချင်နဲ့ သိပ်သာယာတာဘဲဗျာ၊ ဘုရားကျောင်းထဲမှာ ဆည်းလည်းသံလေးတွေ လှုပ်ခတ်နေသလား အောက်မေ့ရတယ်၊ ကဲ–သိပြီလား၊"

**[ ဒေး ]** ( ၂၅–၂–၂၀၀၂ )

## နှုတ် နဲ့ ကျုပ်

တောက်! သည်းလိုက်တဲ့ မိုး
(သင်း) ဒင်း သွန်းဖြိုးခဲ့တာကြောင့်၊
တဲသာသာ ကျုပ် အိမ်ရုတ်
မိုးရေထဲ နစ်မြုပ်ပြီမို့၊
မိုးနဲ့ တိမ်မည်းတွေကို
အငြိုးနဲ့ကျိန်ဆဲမိတော့
မိုးရဲ့ သခင် ဖန်ဆင်းရှင်က၊ ကျုပ်ကို ပြုံးပြုံးကြည့်နေတယ်။
တောက်! ပူလိုက်တဲ့နွေ
(သင်း) ဒင်း ပြုလ်မွှေခဲ့တာကြောင့်၊
မြေဆီလွှာတွေ ပတ်ကြားအက်
ရေကြည်လွှာတွေ ခမ်းခြောက်ပျက်ပြီမို့၊
ရဲရဲတောက် နေမင်းကို၊
မာန်ဟင်းပြီး ကျိန်ဆဲမိတော့
နွေရဲ့ သခင် ဖန်ဆင်းရှင်က၊ ကျုပ်ကိုပြုံးပြုံးကြည့်နေတယ်။
တောက်! အေးလိုက်တဲ့ဆောင်း
(သင်း) ဒင်း မကောင်းမှုကြောင့်၊
ရင်ငွေ့လှုံ ခြုံမွေ့ခဲ့ပေမဲ့၊ အရိုးဟုန်ယောင်အေးခဲ့ပြီမို့
နှင်းငွေ့နဲ့ အေးတဲ့ဆောင်းကို၊
ရန်တွေပြီး ကျိန်ဆဲမိတော့
ဆောင်းရဲ့ သခင် ဖန်ဆင်းရှင်က၊ ကျုပ်ကို ပြုံးပြုံးကြည့်နေတယ်။
တောက်! မိုက်လိုက်တဲ့လူ
(သင်း) ဒင်း အလိုက်မသိမှုကြောင့်၊
ကွယ်ရာမှာ ကျုပ်ကို အမုန်းထုနဲ့ ရန်ထောင်
မြင်ရာမှာ ကျုပ်ကို အပြုံးတုနဲ့ ဟန်ဆောင်၊
ကျုပ်ရဲ့ သိက္ခာတွေကို အရောင်ဆိုး
ကျုပ်ရဲ့ ဂုဏ်တွေကို အချောင်ခိုး နေခဲ့ပြီမို့၊
အဲဒီ အူတူတူ ဖိမ်ငနဲကို
ဒြေမှုကျိန်ဆဲမိတော့၊
လူရဲ့ သခင် ဖန်ဆင်းရှင်က၊ ကျုပ်ကို ပြုံးပြုံးကြည့်နေတယ်။
အဲဒီလို နေ့စဉ်နှင့်အမျှ ကျိန်ဆဲမိလေသမျှ
ဖန်ဆင်းရှင်ရဲ့ အပြုံးအောက်မှာ ကျုပ်မရှုံးရအောင်ဖို့
တွန့်ဆုတ်ဆုတ်ဖြစ်နေတဲ့ ကျုပ်ရဲ့ နှုတ်ကို
နှုတ်ကပါတ်တော် ချုပ်အပ်နဲ့ ထုတ်ချင်းခတ် ထိုးလိုက်မှ
ကျုပ်ရဲ့ နှုတ်လည်း ချိုးမွှမ်းခြင်းနှင့်ပြည့်၊
ကျုပ်ရဲ့ ဘဝမှာလည်း ကောင်းကြီးများနဲ့ ပြည့်ပြီပေါ့ဗျာ။ ။

**[ မင်းအောင်သက်လွင် ]**

*( လူသည် မိမိနှုတ်၏အသီးတည်းဟူသော ကောင်းသော အရာကိုစားရ၏။ ---မိမိနှုတ်ကို စောင့်သောသူသည်၊ မိမိ အသက်ကို စောင့်၏။ မိမိနှုတ်ကို ကျယ်ကျယ်ဖွင့်သောသူမူကား ပျက်စီးခြင်းသို့ရောက်တတ်၏။ သုတ္တံ ၁၃း၂-၃ )*

ဤ သခင့်စကား စာစောင် ကို မိတ္တူကူး၍ ရပ်ဝေးရပ်နီးမှ သင့်မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများထံ ပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။